
မင်းမြတ်သူရ
ဝုးမြေသစ္စာ

**ဒုက္ခနဲ့တွေ့ရင်**

**ခပ်ကျယ်ကျယ် ရယ်မောလိုက်ပါ**

**ရယ်မောခြင်းဟာ**

**သုခတစ်ခုကို**

**သင်ရလိုက်တာပါပဲ**

**ချမ်းမြေ့သရဖီလှိုင်**

**လောကမှာ**

**သေခြင်းရယ်**

**ရှင်ခြင်းရယ်ကလွဲပြီး**

**အားလုံးဖြစ်နိုင်တယ်**

**ချမ်းမြေ့သရဖီလှိုင်**

အတိတ်ကမကောင်းခဲ့ရင်
စိတ်မညစ်ပါနဲ့
အနာဂတ်တွေရှိနေသရွေ့
စိတ်ချမ်းသာခြင်းကို
ဖန်တီးနိုင်ပါတယ်

ချမ်းမြေ့သရဖီလှိုင်

အကြီးမားဆုံး
အခက်အခဲဟာ
အကြီးအမားဆုံး
အခွင့်အရေးလဲဖြစ်တယ်

ချမ်းမြေ့သရဖီလှိုင်

ရည်မှန်းချက်ထားပြီးလျှင်

ရောက်အောင်လျှောက်ပါ

လမ်းဆိုတာ

အလိုလိုပေါ်လာတတ်ပါတယ်

ချမ်းမြေ့သရဖီလှိုင်

* * * * * ** * * * *

မြေလတ်ပိုင်းဒေသ၏ လွန်စွာရှေးကျသော ဘုန်းကြီးကျောင်းကြီး အနီးတွင် ဇရပ်ကြီးတစ် ဆောင်ရှိ၏ ။

ထိုဇရပ်ကြီးကို အင်္ဂလိပ် မြန်မာ ဒုတိယစစ်ပွဲကာလကပင် မြန်မာနန်းတွင်မှ အပျိုတော်ကြီးတစ် ဦး တည်ဆောက်ခဲ့သည်ဟု အဆိုရှိလေ၏ ။ ဇရပ်ကြီးနှင့် ပတ်သက်သော ကမ္ဗည်းကျောက်တိုင်ကြီးမှာ လူဆိုးဓားပြတို့၏ ဖျက်ဆီးမှုကြောင့် ပျက်စီးယိုယွင်းခဲ့ချေပြီ။

ရှေးကျသော ဘုန်းကြီးကျောင်း၏ ဆရာတော်မှာ သပြေကန်ရွာသားတစ်ဦးဖြစ်၏ ။

ဆရာတော်သည် ရိုးသားအေးဆေးသူဖြစ်သဖြင့် ရှေးဟောင်းပစ္စည်းတို့၏ တန်ဖိုးကို သိနား လည်ခြင်းမရှိချေ။

သို့သော် ဆရာတော်ကြီးအား ရှေးဟောင်းပစ္စည်းများ အလွန်တန်ဖိုးရှိကြောင်း သင်ပြပေးမည့် လူတစ်ဦးပေါ်ပေါက်ခဲ့လေ၏ ။

ထိုသူမှာ အင်္ဂလိပ်လူမျိုး ရှေးဟောင်းပညာရှင် မစ္စတာ ဂျွန်ပိုက်ဖြစ်သည်။

တစ်နေ့သ၌ မစ္စတဂျွန်ပိုက်၏ အော့စလီ အမျိုးအစား ကားငယ်လေးသည် အဝေးပြေးလမ်းမ ကြီးအတိုင်း မောင်းနှင်လာရာမှ ကားဘီးပေါက်၍ ဒရိုင်ဘာသည် ကားဘီးကို လဲလှယ်ရန်ကြိုးစားလေ၏ ။

ထိုအခိုက်မှာပင် မစ္စတာဂျွန်ပိုက်သည် အညောင်းအညာပြေရန် အနီးအနားပတ်ဝန်းကျင်ကို လမ်းလျှောက်ရင်း ဝါးရုံပင်ကြီးများ အုပ်ဆိုင်းနေသော ဘုန်းကြီးကျောင်းကြီးကို မြင်သောအခါ

“အိုးဂေါ့လ်”

ဟု အထိတ်တလန့် ရေရွတ်လိုက်လေ၏။

မစ္စတာဝွန်ပိုဂ်ုက်သည် ဘုန်းကြီးကျောင်းကြီးကို သေချာစွာကြည့်ရှု၍ ရှေးကျသော ကနုတ်ပန်းများ၊ ပန်းပုလက်ရာများကို မြင်လျှင် မယုံနိုင်အောင် ဖြစ်သွားလေ၏။

မစ္စတာဝွန်ပိုဂ်ုက်သည် ရှေးဟောင်းပစ္စည်းများကို တန်ဖိုးထားတတ်သောစိတ်ကြောင့် ဘုန်းကြီး ကျောင်းကြီးကို အနီးကပ်မှန်ဘီလူးဖြင့် ကြည့်ရှုလေတော့၏။

ထိုအခါ ကပ္ပိယကြီးသည် မှန်ဘီလူးဖြင့် စိတ်ဝင်တစား ကြည့်ရှုနေသော မစ္စတာဝွန်ပိုဂ်ုက်ကို တစ်မျိုးထင်သွားပြီး မျက်နှာဖြူကြီး တစ်ယောက် ကျောင်းကိုဖျက်ဆီးရန် ရောက်နေသည်ဟု ဆရာ တော်ကြီးကို အမောတကော လျှောက်တင်လေ၏။

ထိုအါ ဆရာတော်ကြီးသည် ရှေးဟောင်းပစ္စည်းများကို မခင်တွယ်သော်လည်း ကျောင်းကို အလွန်ခင်တွယ်သူဖြစ်၍ ငှက်ကြီးတောင်ဓားကိုဆွဲကာ မစ္စတာဝွန်ပိုဂ်ုက်ကို ခုန်ပိုင်းရန် ရောက်ရှိလာ၏။

မျက်နှာဖြူကြီးလည်း ကျောင်းကို မှန်ဘီလူးဖြင့်ကြည့်ရှုဖြင့် အသက်အန္တရာယ်ကို ရန်ရှာလာ သော ဆရာတော်ကြီးကို နားမလည်နိုင်ဘဲ ကျောင်းကိုပတ်၍ ပြေးလေတော့၏။

ထိုအခိုက်မှာပင် ကျောင်းမှ စွန့်ကြဲသော စားကြွင်းစားကျန်များကို စားသောက်ထားသည့် ဂုတ် ကျား မောင်နက် အစရှိသော ခွေးတို့သည် ဆရာတော်ကြီးကို မျက်နှာလို မျက်နှာရသဘောဖြင့် မျက်နှာဖြူကြီးနောက်သို့ လိုက်လေတော့၏။

မျက်နှာဖြူကြီးသည် ဆရာတော်ကြီး၏ ဓားနှင့်ဂုတ်ကျားတို့၏ သွားကို ကြောက်ရွံ့လာရာမှ ကျောင်းဝင်းထဲမှ ဖိနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင်

ထွက်ပြေးလေတော့၏ ။

ထိုအခါမှပင် မျက်နှာဖြူကြီး၏ ဒရိုင်ဘာသည် အကြောင်းစုံကို သိပြီး ပြဿနာဖြစ်ရခြင်းကို သ ဘောပေါက်ကာ ဆရာတော်ကြီးအား မြန်မာဘာသာဖြင့် ရှင်းပြလေ၏ ။

ဆရာတော်ကြီးသည် သူ၏ ကျောင်းကြီးကို အလွန်တန်ဖိုးရှိသည်ဆိုသဖြင့် သဘောကျသွားလေ ၏ ။

ယခင်ကဆိုလျှင် ဆရာတော်ကြီးသည် သူ၏ ဟောင်းနွမ်းဆွေးမြေ့သော ကျောင်းကြီးကိုဖျက်၍ တိုက်ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်ရန် ပိုက်ဆံရှိသော ဒါယကာကြီးတစ်ယောက်ကို ပူဆာဖူး ၏ ။

ထိုဒါယကာကြီးသည် တိုက်ကျောင်းကြီးဆောက်ကာနီးမှ မိန်းမလည်တစ်ယောက်ကို မယားငယ်ပြုလိုက်သဖြင့် မယားနှစ်ယောက်ကြားတွင် ဗျာများကာ ကျောင်းမဆောက်နိုင်တော့ချေ။

မျက်နှာဖြူကြီးက ဆရာတော်ကြီးကို အနောက်တိုင်းနိုင်ငံများတွင် ရှေးဟောင်းပစ္စည်းများကို အလွန်တန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ကြကြောင်း လျှောက်တင်လေ၏ ။

ဆရာတော်ကြီးသည် ရှေးဟောင်းပစ္စည်းများ တန်ဖိုးရှိကြောင်း ကြားလိုလှသဖြင့် မျက်နှာဖြူ ကြီးကို ကျောင်း၌ တည်းခိုစေပြီး ရှေးဟောင်းပစ္စည်းများအကြောင်း ပြောပြလေ၏ ။

မျက်နှာဖြူကြီးကလည်း ရှေးဟောင်းပစ္စည်းများနှင့် ပတ်သက်၍ ပြောရမည်ဆိုလျှင် ညမအိပ်ဘဲ တစ်ထောင့်တစ်ည ပုံပြင်ရှည်ကြီးသဖွယ် ပြောဆိုချင်သူဖြစ်၏ ။

ဒရိုင်ဘာလူကြီးကလည်း ၄င်းတတ်မြောက်သော မြန်မာစကားအတိုင်း

ဘာသာပြန်ပြောလေ၏။

ဆရာတော်ကြီးသည် မျက်နှာဖြူကြီးပြောသော အတ္တလန္တိတ်မြို့တော်ကြီးနှင့် ဂမ္ဘီရပညာများ အကြောင်းကို လွန်စွာစိတ်ဝင်စားသွားလေ၏။

ပျောက်ဆုံးသွားသော အတ္တလန္တိတ် မြို့တော်ကြီးကို ရှာဖွေချင်စိတ်များ ဖြစ်ပေါ်လာ၏။

ဆရာတော်ကြီးသည် ရှေးဟောင်းပစ္စည်းများအကြောင်း အတော်အတန်သိရှိပြီးသောအခါ မျက်နှာဖြူကြီးအား

“ဒါဆိုရင် ကျုပ်တို့ကျောင်းကြီးဟာ အလွန်တန်ဖိုးရှိနေပြီ ဒီတော့ ရှေ့ဆက်ပြီး ဘယ်လိုလုပ် သင့်သလဲ”

ဟု မေးမြန်းလေ၏။ မျက်နှာဖြူကြီးက ကျောင်းကြီးကိုသာမက ကျောင်း၏ အနောက်တွင်ရှိသော ဇရပ်ကြီးကို ကြည့်ရှုပြီး ဖြစ်နေသဖြင့်

“ဒီပစ္စည်းတွေ ပျက်စီးယိုယွင်းမှုမရှိအောင် ထိန်းသိမ်းသင့်ပါတယ်၊ ဒီအတွက် ကျွန်ုပ်လည်း လို အပ်တဲ့ အကူအညီပေးပါ့မယ်၊ ကျောင်းကြီးကို မပျက်စီးအောင် အတတ်နိုင်ဆုံး ကြိုးစားပါ၊ ကျောင်း ကို ပြင်ဆင်မယ်ဆိုလဲ ရှေးဟောင်းလက်ရာတွေ မပျောက်ပျက်အောင် အတတ်နိုင်ဆုံး ကြိုးစားသင့်ပါတယ်၊ ဆရာတော်ရဲ့ ကျောင်းကြီးဟာ ဘုန်းကြီးတွေရှိတဲ့အတွက် ပျက်စီးမှုမရှိနိုင်ပေ မယ့် ကျောင်းအနောက်မှာရှိတဲ့ ဇရပ်ကြီးကတော့ နေထိုင်တဲ့သူမရှိတဲ့အတွက် ပိုပြီး ပျက်စီးယိုယွင်း နိုင်ပါတယ်။ ဒါကြောင့် ဇရပ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လူတစ်ဦးရှိသင့်ပါတယ်”

ဟု အကြံပေးသွားလေ၏။ ဆရာတော်ကြီးသည် မျက်နှာဖြူကြီး ပြန်သွားသည့်အချိန်မှစ၍ ရှေး ဟောင်းပစ္စည်းများကို တန်ဖိုးထားတတ်သော ဝါသနာကူးစက်သွားလေ၏။

ထိုအချိန်မှစ၍ ကျောင်းမှ ပစ္စည်းများကို မထိရက် မကိုင်ရက်နှင့် တသသ ကြည့်ရှုနေလေ၏ ။

ဆရာတော်ကြီး၏ ရှေးဟောင်းပစ္စည်းများကို အလွန်တန်ဖိုးထားမှုကြောင့် ကျောင်း၌ သီတင်း သုံးနေသော ဘုန်းကြီးများသည် စိတ်ညစ်ကြကုန်၏ ။

မနက်အရဏ်တက်ချိန်၌ အုန်းမောင်းခေါက်သော ပေသီးပင်လျှင် ရှေးကျသော အုန်းမောင်း ကြီးကို ရဲရဲဝံ့ဝံ့ မခေါက်ရဲတော့ချေ။

ဘုရားကျောင်းဆောင်သို့ ဆွမ်းတော်ကပ်သော ဦးပဉ္စင်းများလည်း ဆွမ်းတော်ပန်းကန်များ၊ သောက်ရေခွက်များကို အသက်အောင့်၍ ကိုင်တွယ်ရလေ၏ ။

ထို့ကြောင့်ပင် ဦးပဉ္စင်းများနှင့် ကျောင်းသားများသည် ဆရာတော်ကြီးအား ရှေးဟောင်းပစ္စည်း များအကြောင်း ပြောပြသွားသော မျက်နှာဖြူကြီးကို မေတ္တာပို့ကြကုန်၏ ။

ဦးပဉ္စင်းကြီးက

"ရှေးကျတဲ့ ယွန်းခွက်တစ်ခွက်က ဘာအသုံးကျမှာလဲ၊ ငါ့အတွက်တော့ ယွန်းခွက်တစ်ခွက် ထက် ကြွေခွက်တစ်ခွက်က ပိုပြီးတန်ဖိုးရှိတယ်ဟေ့၊ ယွန်းခွက်က အတိတ်ကပုံရိပ်တွေကို ပြောပြ တယ်တဲ့၊ အတိတ်ကအကြောင်းတွေကို သိရတော့ရော ဘာဖြစ်သွားမှာတုန်း၊ ဘုန်းကြီးဟာ အတိတ်နဲ့ အနာဂတ်ကို စိတ်မဝင်စားသင့်ဘူး၊ ပစ္စုပ္ပန်ကိုပဲ စိတ်ဝင်စားသင့်တယ်"

ဟု မကြားတကြား ပြောဆိုလေ၏ ။ ထိုအခါ ဦးပဉ္စင်းကြီး၏ စကားကို သံယောင်လိုက်၍ အခြားဦးပဉ္စင်းတစ်ပါးက

"ရှေးဟောင်းပစ္စည်းတွေကို ခင်တွယ်တယ်ဆိုတာ

အပေါင်းအဆွေးတွေကို တပ်မက်တဲ့သ ဘောပဲ၊ တကယ်တော့ ပေါင်းနွှမ်းဆွေးမြွေတဲ့ ပစ္စည်းဆိုတာ စွန့်ပစ်သင့်တယ် မခင်တွယ်ရဘူး”

ဟု ပြောလေ၏။ ဦးပဉ္စင်းတစ်ပါးကလည်း

“တကယ်တော့ ရှေးဟောင်း ပစ္စည်းပဲဖြစ်ဖြစ်၊ ခေတ်သစ်ပစ္စည်းပဲ ဖြစ်ဖြစ်၊ ဘယ်ပစ္စည်းမှ မခင်တွယ်ရဘူး၊ ဒါဟာ တဏှာပဲ၊ ဝိနည်းတော်နဲ့ မညီညွတ်ဘူး အားလုံးကို စွန့်ပစ်ရမယ်”

ဟု တရားသံပါပါဖြင့် ပြောကြကုန်၏။

မည်သို့ပင်ဖြစ်စေ မျက်နှာဖြူကြီး၏ ရှေးဟောင်းပစ္စည်းဝါသနာမှာ ဆရာတော်ကြီးထံသို့ ကူး စက်ခဲ့ပြီဖြစ်သဖြင့် ကျောင်းအနောက်ရှိ ဇရပ်ကြီးကို စိတ်ချခြင်းမရှိချေ။

ဇရပ်ကြီးတွင် အစောင့်အကြပ်မရှိလျှင် ရှေးဟောင်းပစ္စည်းများ ပျက်စီးယိုယွင်းရလိမ့်မည်။ ထို့ ကြောင့် ကျောင်းသားများကို ဇရပ်ကြီးသို့ သွားရောက်အိပ်စက်စေ၏။

သို့သော် ဘုန်းကြီးကျောင်းသားဟူသည် ဟင်းအေးအိုးနှင့် ဝေးကွာသောနေရာ၌ မနေနိုင်သူ ဖြစ်၍ ဇရပ်ကြီး၌ မည်သူမျှ ကြာကြာမနေနိုင်ချေ။

ဆရာတော်ကြီးသည် ဇရပ်ပျက်ကြီး၌ ဘုန်းကြီးကျောင်းသားများ မပျော်ပိုက်ကြောင်း သိရသဖြင့် ဇရပ်ပျက်ကြီး၌ အချိန်ပြည့်နေထိုင်၍ ရှေးဟောင်းပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန် သူရဲကောင်းကို ရှာဖွေလေ၏။

ထိုအခါ ရွာထဲရှိ ရွာသူရွာသားများက ဆရာတော်ကြီးကို ကြည်ညိုသော်လည်း ဇရပ်ပျက်ကြီး၌ မနေလိုကြသဖြင့် အကြောင်းအမျိုးမျိုးပြ၍ ရှောင်လိမ်းကြကုန်၏။

ဆရာတော်ကြီး၏ ဒါယိကာရင်းများပင်လျှင် အိမ်သူသက်ထား

ဇနီးမယားကို မခွဲခွာလို၍ ဇရပ် ပျက်ကြီး၌ မနေလိုကြချေ။

ဆရာတော်ကြီးသည် ဇရပ်ပျက်ကြီး၌ စွန့်စွန့်စားစား နေထိုင်မည့်သူကို အလျှော့မပေးဘဲ သဲကြီးမဲကြီး ရှာဖွေလေ၏ ။

ထို့နောက် ဇရပ်ပျက်ကြီး၌ နေထိုင်မည့်သူကို စားဝတ်နေရေး ကိစ္စအတွက် ကျောင်းမှ တာဝန် ယူမည်ဟု ပြောပြလိုက်၏ ။

ဆရာတော်ကြီးသည် ကျောင်းမျှ ဆွမ်းကြွင်းဆွမ်းကျန်များ ကျွေးမွေး၍ သူရဲကောင်းရှာဖွေ လိုက်ခြင်းဖြစ်၏ ။

ဆွမ်းကြွင်းဆွမ်းကျန်များကို စားသောက်ရမည်ဟူသော မက်လုံးကြောင့် ရွာထဲရှိ လက်ကြောမ တင်းသော ဘိန်းစားဘိုးစီသည် ဇရပ်ပျက်ကြီး၌ နေထိုင်မည်ဖြစ်ကြောင်း လျှောက်တင်လေ၏ ။

ထို့ကြောင့် သူ၏ ရှေးဟောင်းဇရပ်ကြီးကို ထိန်းသိမ်းရန် ဘိန်းစားဘိုးစီကို တာဝန်လွှဲပြောင်း လိုက်လေ၏ ။

သို့သော် ဘိန်းစားဘိုးစီကို တာဝန်လွှဲပြောင်းပြီး တစ်ပတ်ခန့်အကြာတွင် ဇရပ်တစ်ဆောင်လုံး အမှိုက်သရိုက်များ ရှုပ်ပွနေပြီး ရှေးဟောင်းဇရပ်ကြီး၌ ဘိန်းစားဘိုးစီ၏ ရေစိုအဝတ်များကို မြင်မကောင်းအောင် လှန်းထားသဖြင့် ဆရာတော်ကြီးသည် ဒေါသူပုန်ထကာ ဘိန်းစားဘိုးစီအား ဇရပ်မှ မောင်းထုတ်ခဲ့လေ၏ ။

ဘိန်းစားဘိုးစီ ဇရပ်မှ မောင်းနှင်ခံရပြီးနောက် ရှေးဟောင်းဇရပ်ကြီး၌ နေထိုင်မည့် သူရဲကောင်း တစ်ဦးပေါ်ထွက်လာပြန်၏ ။

ထိုသူမှာ ဖဲသမား သန်းဦးဖြစ်၏ ။ သန်းဦးသည် ရွာစဉ်လှည့်၍ ဖဲရိုက်ခြင်းဖြင့် အသက်မွေးဝမ်း ကြောင်းပြုသူဖြစ်၏ ။

သန်းဦးသည် မိခင်ဝမ်းမှ ကျွတ်ကတည်းက ဖဲထုတ်ကို လက်ဖြင့်ကိုင်၍

မွေးဖွားလာသည်ဟု အဆိုရှိ၏။ သန်းဦးသည် လိုအပ်လျှင် မိန်းမကိုပင် အပေါင်ထား၍ ဖဲရိုက်သူဖြစ်၏။

ဖဲသမားသန်းဦးက ရွှေးဟောင်းဇရပ်ကြီး၌ နေထိုင်မည်ဟု အဆိုပြုလာသဖြင့် ဆရာတော်ကြီး က တစ်ခါသေဖူး၍ ပျဉ်ဖိုးနားလည်သူပီပီ

"ဟေ့ကောင် သန်းဦး၊ မင်း ငါ့ဇရပ်မှာနေရင် စည်းကမ်းရှိရမယ်၊ အမှိုက်သရိုက်တွေကို ညစ်ညစ်ပတ်ပတ် မထားရဘူး"

ဟု မှာကြားလေရာ ဖဲသမားသန်းဦးက ရဲဝံ့သော အမူအရာဖြင့်

"တင့်ပါဘုရား၊ ဇရပ်တစ်ခုလုံး အမှိုက်သရိုက် မရှိစေရပါဘူး၊ ဇရပ်ပတ်ဝန်းကျင်မှာလဲ သန့်သန့်ရှင်းရှင်း ဖြစ်စေရမယ်"

ဟု ကတိပေးလေ၏။ ဆရာတော်ကြီးသည် ဖဲသမား သန်းဦး၏ အာမခံစကားကြောင့် ရွှေးဟောင်းဇရပ်ကြီး၌ နေထိုင်ခွင့်ပေးလိုက်လေ၏။

ဆရာတော်ကြီးသည် တစ်ပတ်ခန့်ကြာသောအခါ သူ၏ ဇရပ်ကြီးသို့သွားရောက်ကြည့်ရှုပြီး နောက် ဇရပ်တစ်ဆောင်လုံး အမှိုက်သရိုက်မရှိဘဲ ဇရပ်ပတ်ဝန်းကျင်မှာလည်း သန့်ရှင်းသပ်ရပ်နေသ ဖြင့် ကျေနပ်သွားလေ၏။

ထို့ကြောင့် ဖဲသမားသန်းဦးကို ဆွမ်းကျန်ဟင်းကျန်များ ပိုပိုသာသာ ကျွေးမွေးရန် အမိန့်ချ လိုက်လေ၏။

သို့သော် ဖဲသမားသန်းဦးနေထိုင်ပြီး တစ်လခန့်အကြာတွင် ဆရာတော်ကြီး ကျိန်းစက်ရာအခ ခန်းသို့ ဦးပဉ္စင်းများ အမောတကောရောက်ရှိလာပြီး တစ်စုံတစ်ရာကို တီးတိုးပြောလိုက်လေ၏။

ထိုအခါ ဆရာတော်ကြီးသည် မယုံနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားပြီး နံရံတွင် ချိတ်ထားသော သုံးပင်လီ ကြိမ်လုံးကြီးကိုဖြုတ်၍

ရှေးဟောင်းဇရပ်ပျက်ကြီးသို့ ပြေးလေတော့၏။

ဇရပ်ပျက်ကြီး၏ ပတ်ဝန်းကျင်သည် အမှိုက်သရိုက်များမရှိဘဲ သန့်ရှင်းသပ်ရပ်နေ၏။

သို့သော် သူ၏ ရှေးဟောင်းဇရပ်ပျက်ကြီး၌ လူများနှင့် လွန်စွာစည်ကားနေ၏။

ရှေးဟောင်းဇရပ်ကြီးပေါ်တွင် လူအင်အား သုံးဆယ်မျှရှိသဖြင့် ဇရပ်ပျက်ကြီးပင် ပြိုကျသွား စေနိုင်လောက်၏။

ထိုသူများသည် ဖဲသမားသန်းဦး၏ ဖိတ်ခေါ်မှုကြောင့် ဇရပ်ကြီး၌ လာရောက် ဖဲကစားကြသူများ ဖြစ်၏။

ဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်းသို့ မည်သည့်ပုလိပ်မျှ ဝင်ရောက်မဖမ်းဆီးရဲသဖြင့် ဇရပ်ပျက်ကြီး၌ လောင်းကစားဝိုင်း အကြီးအကျယ်ပြုလုပ်နေသူများကို ဒေါသတကြီး ကြိမ်းမောင်း၍ ကြိမ်လုံးဖြင့် တရွှမ်းရွှမ်းရိုက်လေတော့၏။

ထိုအခါ လောင်းကစားသမားများသည် ဇရပ်ပျက်ကြီးပေါ်၌ ပုဆိုးကျွတ်သူကျွတ်၊ တုံးလုံးပက် လက်လဲသူလဲဖြင့် ဝရုန်းသုန်းကား ပြေးထွက်ကြလေ၏။

ထိုအချိန်မှစ၍ ဆရာတော်ကြီးသည် သူ၏ ရှေးဟောင်းဇရပ်ပျက်ကြီးအတွက် ထိန်းသိမ်းစောင့် ရှောက်မည့်သူကို စောင့်မျှော်ရင်း ဇရပ်ကြီးအတွက် စိတ်မချခြင်းကြီးစွာ ဖြစ်ရလေ၏။

* *